# ဘုရားသခင်ကို သူ၏စရိုက်လက္ခဏာများအားဖြင့် အမှတ်အသား ပြုလုပ်ခြင်း

ဗြူးမောင့်န်၊ တက္ကဆက်၊ အမေရိကန်။

၆၄- ၀၃၁၁

1 ၁။ ကောင်းကင်ဘုံအရှင်အဖကိုယ်တော်ကို ကျေးဇူးတင်ပါတယ်။ ယခုတဖန် ကျွန်တော်တို့ကို တက္ကဆပ်ပြည်နယ် ဗျူးမောင့်သို့တဖန်ပြန်လည်၍ ပို့ဆောင်ခွင့်ပေးသည့် အတွက်ဖြစ်သည်။ ကျွန်တော်တို့ ဤလေသာဆောင်မှ နေ၍ကြည့်လျှင်တချိန်ကဒီနေရာမှာ ရောက်ခဲ့သည်။ အခ်ျိန်များကို သတိရပြီး ကျေးဇူးတင်ပါတယ်။ အလွန်ကြီးမားသောအမှုများကိုလည်း ကိုယ်တော်ရှင် ပြုခဲ့ပါသည်။ သူတို့၏ဖျားနာနေသော ခန္ဓာကိုယ်များကိုကိုယ်တော်က မထိတွေ့ပါက ဒီညသူတို့ဒီမှာ ရောက်လာမည် မဟုတ်ပါ။ သို့သော်ကိုယ်တော်ရှင် အမှုပြုသဖြင့်သူတို့ဒီမှာ ရောက်လာကြပါသည်။ အောက်မေ့ဖွယ်ရာများ စွာရှိပါသည်။ ကျွန်ုပ်တို့နှင့်အတူထာဝရကာလသို့ သွားပါမည်။

ကိုယ်တော်ရှင်၏ ဝိညာဉ်တော်ကြီးမားစွာ သွန်းလောင်းသည်ကိုကိုယ်တော်ပေးမည်အကြောင်း ကျွန်တော်တို့ ဆုတောင်း ကြပါသည်။ ကျွန်တော်တို့အားလုံးကိုကောင်းချီးပေးပါ။ အသင်းတော်တိုင်း အသင်းသားတိုင်းကို ကောင်းချီးပေးပါ။

ကိုယ်တော်ရှင် အထူးသဖြင့်ကျွန်တော်တို့၏ ဘရာသာပီရာရီဂရင်းကို ရှေ့တန်းမှထွက်လျှောက် သူကိုကောင်း ချီးပေးပါ။ ဒီချစ်စရာကောင်းသော မြို့တော်မှလူများက ဤလူငယ်ဒီမှာ ရှိသူများအတွက် ထားရှိသောခံစားချက်သူချစ်သော ခရစ်တော်ထံ ပို့ဆောင်လိုသော သူများအတွက် သိရှိလာစေရန် မစတော်မူပါ။ သူကသာသနာတိုင်းကိုနှုတ်ကပတ်တော်အား ဖြင့် စစ်ဆေးရန် မှန်ကန်ကြောင်း တွေ့မြင်လို၍ လူများကယ်တင်ခြင်း ရစေပါ။မစတော်မူပါအဖ။ ကျွန်ုပ်တို့၏ ကြိုးစားမှုဖြင့် အမှုတော်မြတ်အတွက် ကျွန်ုပ်တို့ကိုယ်ကိုကိုယ်တော်အား ပေးတတ်ပါသည်။ ဘုရားသခင် ဂုဏ်တော်အတွက် ဖြစ်ပါသည်။ ယေရှုနာမ၌ ဆုတောင်းပါတယ်။အာမင်။

2 ၂။ ညတိုင်းကိုယခုအခါ သတိရကြပါ။ သင်နှင့်အတူ တစုံတဦးကို ခေါ်ဆောင်လာပါမည်။ (သို့) ဖုန်းဆက်ပြီး တစုံတဦးကို ပြောပါမည်။ သင်းအုပ်ဆရာတိုင်းကို ပြောပါ။ ဘာဘဲဖြစ်ဖြစ် ကျွန်တော်တို့နှင့်ပင်မတူပါက သင်ဝင်လာပြီး ထိုင်နေရပါ မည်။ ကောင်းမြတ်ခြင်း ရှိရမည်။ အပြုအမူလည်း ကောင်းမွန်ရပါသည်။သင်တို့ဒီမှာ ရှိနေသည်ကို ကျွန်တော်တို့တကယ်ဘဲ လေးစားပါသည်။

သင်၏သမ္မာကျမ်းစာကိုယူဆောင်လာပါ။ ခဲတံယူလာပါ။ ကျမ်းချက်ကို မှတ်သားပါ။ သွား၍သူတို့ကို ရှာဖွေပါ။ နှုတ်ကပတ်တော်နှင့်သူတို့ကိုစစ်ဆေးပါ။ သူတို့မှန်မမှန် ကြည့်ပါ။ သင်၏သီသြလော်ဂျီကို ဘာမှမယူပါနှင့်။ သမ္မာကျမ်းစာထဲမှာ ရေးသားထားသည့် အတိုင်းယူပါ။ ကြိမ်ဖန်များစွာ ကျွန်တော်တို့ ပြောနိုင်ပါသည်။ ဒီလိုအဓိပ္ပာယ်ရသည်။ဒါကဒီလို အဓိပ္ပာယ်ရှိတယ် ဟုဆိုနိုင်ပါသည်။ ဘုရားသခင်က အနက်ဖွင့်ဆိုသည့် သူမလိုပါ။သူကသူ့နှုတ်ကပတ်တော် ကိုသာသူ အနက်ဖွင့်ဆိုပါသည်။

ဘုရားသခင်က အလင်းဖြစ်စေဟုဆိုသောအခါ အလင်းဖြစ်သည်။ အနက်ဖွင့်ဆိုမှု မလိုပါ။ သူပြောသည့်အတိုင်း ဖြစ်ပေါ်လာပါသည်။ သတို့သမီးကညာသည် ပဋိသန္ဓေဆွဲယူ၍ ဟုဆိုသည်။ အနက်ဖွင့်ဆိုမှု မလိုအပ်ပါ။

ဘုရားသခင်က ဤခေတ်ကာလအတွက်ဖြစ်လာရမည့် အရာများအတွက် လိုအပ်သော အရာများကို ဂတိပေးခဲ့ပါ သည်။ သူပြောခဲ့ပါသည်။ အနက်ဖွင့်ဆိုရန်မလိုအပ်ပါ။ ဘုရားသခင် မိန့်တော်မူပါမည်။ မိမိကိုယ်တိုင် အနက်ဖွင့်ဆိုပါသည်။ သမ္မာကျမ်းစာကသီးခြားအနက်ဖွင့်ဆိုမှု မရှိဟုဆိုပါသည်။ ဘုရားသခင်က သူ၏နှုတ်ကပတ်တော် အားဖြင့်ဖေါ်ပြပါသည်။

3 ၃။ ကျွန်တော်တို့ခေတ္တမတ်တပ်ရပ်၍ နှုတ်ကပတ်တော်ကို ဟေဗြဲသြဝါဒစာ အခန်းကြီး(၁) မှဖတ်ကြပါစို့။ မတ်တပ်ရပ် ခိုင်းရခြင်းမှာဤနှုတ်ကပတ်တော်ကို လေးစားရန်အတွက် ဖြစ်ပါသည်။ ဘုရားနှုတ်ကပတ်တော်မှာ အစဦး၌ နှုတ်ကပတ်တော်ရှိသည်။ နှုတ်ကပတ်တော်မှာ ဘုရားသခင်နှင့် အတူရှိ၍ နှုတ်ကပတ်တော်သည်လည်း ဘုရားသခင်ဖြစ်တော်မူပါသည်။ နှုတ်ကပတ်တော်သည် လူဇာတိကိုခံယူတော်မူ၍ကျွန်ုပ်တို့အလယ်မှာ ကျိန်းဝပ်တော်မူပါသည်။ ယေရှုခရစ်သည် မနေ့၊ ယနေ့၊ ထာဝရ ပြောင်းလဲခြင်းမရှိပါ။ ဤသည်မှာကျွန်ုပ်တို့၏ ဆောင်ပုဒ်ဖြစ်ပါသည်။ ကျွန်တော်တို့ နှုတ်ကပတ်တော်ကိုဖတ်သောအခါ မတ်တပ်ရပ်ကြပါသည်။ အလံတော်ကို အလေးပြုသောအခါ ကျွန်ုပ်တို့၏အလံက ဘေးမှဖြတ်သွားပါသည်။နိုင်ငံတော်အလံကို ကျွန်တော်တို့ မတ်တပ်ရပ်၍ အလေးပြုကြပါသည်။ လုပ်သင့်ပါသည်။ ထို့ကြောင့်နှုတ်ကပတ်တော် ဖတ်သောအခါမှာ ပို၍ပင် မတ်တပ်ရပ်သင့်ပါသည်။ (ဟေဗြဲ၁း၁-၃) ကို ကျွန်တော်တို့ဖတ်ပါမည်။

ဘုရားသခင်သည် အချိန်တန်သောအခါအမျိုးမျိုးသော ပုံစံများဖြင့် ဘိုးဘေးတို့ကို ရှေးလွန်လေပြီးသော ကာလက ပရောဖက်များအားဖြင့်ကျွန်ုပ်တို့ကို စကားပြောပါသည်။ (ဟေဗြဲ၁း၁-၃)

(၁) ရှေးလွန်လေပြီးသောအခါ ပရောဖက်များအားဖြင့် ဘိုးဘေးတို့အားအထပ်ထပ်အနည်းနည်း ဗျာဒိတ်ပေးတော်မူ သော ဘုရားသခင်သည် ဤနောက်ဆုံးကာလအခါ မိမိသားတော်အားဖြင့်ငါတို့အားဗျာဒိတ် ပေးတော်မူပြီ။

(၂) ထိုသားတော်ကို အလုံးစုံတို့၏ အမွေခံသခင်အရာ၌ခန့်ထားတော်မူ၏။ သားတော်အားဖြင့်လည်း လောကဓာတ်တို့ ကို တည်တော်မူ၏။

(၃) ထိုသားတော်သည် ဘုရားသခင်ဘုန်းတော် ရောင်ခြည်နှင့်ဘုရားသခင်အဖြစ်တော်၏ ထပ်တူပုံသဏ္ဌာန်ဖြစ်၍ တန်ခိုးနှင့်ပြည့်စုံသော မိမိအမိန့်တော်အားဖြင့် ခပ်သိမ်းသောအရာတို့ကိုတည်ရှိတည်တံ့စေ သူဖြစ်လျှက် ငါတို့အပြစ်များကို ကိုယ်တော်တိုင် သုတ်သင်ရှင်းလင်းပြီးလျှင်မြင့်သောအရပ်မှာ တန်ခိုးအာနုဘော်တော်၏ လက်ျာဘက်၌ ထိုင်တော်မူ၏။

4 ၄။ ဆုတောင်းကြပါစို့။ခေါင်းငုံ့၍နှလုံးသားများ ချထားပြီးဆုတောင်းခြင်းဖြင့် ဘယ်နှစ်ယောက် သတိရကြပါသလဲ။

ဤစည်းဝေးပွဲအားဖြင့် တနေရာမှာ ဘုရားသခင်က သင်တို့အားတောင်းသမျှကို ချပေးတော်မူမည်လား?။ လက်ကိုမြှောက်ထား ကြပါ။ ကိုယ်တော်ရှင်ကသင်၏လက်များကိုမြင်ပါသည်။

ကောင်းကင်ဘုံအရှင်အဖကျွန်တော်၏ လူသားမျက်လုံး အမြင်အရ လက်ပေါင်းများစွာကို တွေ့ရပါသည်။ ကျွန်တော်၏ဆန္ဒနှင့်ဘုရားသာဂရင်း၏ ဗျာဒိတ်တော်ဖော်ပြချက်က ဤနေရာသို့ လာသည်မှာမှန်ကန်သွားပါပြီ။ အဖသူတို့ဆန္ဒများကို ပြည့်ဝစေပါ။ ကိုယ်တော်ရှင်၏ နှုတ်ကပတ်တော် အတိုင်းနှင့်ဂတိတော် အတိုင်းဖြစ်စေတော်မူပါ။သူတို့ကို ကိုယ်တော် လက်ဝယ်အပ်နှံပါသည်။ နှုတ်ကပတ်တော် နှုတ်ကပတ်တော်မှာ လူဇာတိခံယူ၍လူများကိုယုံကြည်ရန် ဆွဲဆောင်ပြီးကောင်းကင်မှာ နေရာရစေပါသည်။ ယေရှုကလွန်ခဲ့သော ကာလကသူတို့အတွက်နေရာရစေပါသည်။ ယေရှုက လွန်ခဲ့သောကာလက သူတို့အတွက် နေရာပြင်ဆင်ထားပြီးဖြစ်သည်။ သူတို့အပြစ်များနှင့်ဖျားနာခြင်းများအတွက် ခရီးစဉ်မှာ ဖြစ်ပါသည်။ ကျွန်တော်တို့ကို ယခုကောင်းချီးပေးပါ။ကျွန်တော်တို့ ဆုတောင်းပါတယ်။ စောင့်ဆိုင်းနေပါတယ်။ ကိုယ်တော် ရှင် နှုတ်ကပတ်တော်ကိုဖော်ပြတော်မူပါ။ ကျွန်ုပ်တို့အလယ်မှာ လူ့ဇာတိကို ခံယူတော်မူပါ။ ယေရှုနာ၌ ဆုတောင်းပါတယ်။အာမင်။ (ထိုင်နိုင်ပါပြီ)။

5 ၅။ ဖြစ်နိုင်လျှင်ဟိုဟိုဒီဒီလျှောက် မသွားပါနဲ့။ ထလိုက်ထိုင်လိုက် မလုပ်ပါနဲ့။ နောက်ထပ် လေးဆယ့်ငါးမိနစ်မိနစ်ငါး ဆယ်လောက် ငြိမ်ငြိမ်နေပေးကြပါ။

အမှန်တရားကို ကျွန်တော်တို့သိလိုကြပါတယ်။ သမ္မာတရားတခု တည်းသာရှိ၍ သမ္မာကျမ်းစာပင် ဖြစ်ပါသည်။ တနေ့သောအခါမှာ ဘုရားသခင်ကကမ္ဘာကြီးက တရားစီရင်ပါတော့မည်။ ကျွန်တော်တို့ဒါကို ယုံကြည်ကြပါတယ်။ ကျွန်တော်တို့တယောက်စီ ကိုယ်တော်ရှင်ရှေ့တော်မှာ တရားစီရင်ခြင်း ခံရပါသည်။ ကျွန်တော်မှာမှတ်စု ထုတ်ထားရှိပါသည်။ မိနစ်အနည်းငယ်အတွင်း ကျွန်တော်ညွှန်းလိုသော ကျမ်းချက်များ ဖြစ်ပါသည်။

6 ၆။ ဒီနေ့ညကျွန်တော် မေးလိုတဲ့အရာ ရှိပါသည်။ ဒီမှာ ကက်သလစ် ရှိပါသလား?။

ရှိပါတယ်။ ဟုသူတို့ ဖြေကြပါသည်။

ဘုရားသခင်က ကမ္ဘာကြီးကိုဘာနဲ့ဆေးကြောမလဲ?။

ကက်သလစ် အသင်းတော်အားဖြင့်ပါ ဟုသူတို့ဖြေကြသည်။

ကျွန်တော်က ပြန်ပြောပါသည်။ဘာကက်သလစ် အသင်းတော်လဲ?။ သူတို့သဘောမတူကြပါ။ သဘောမတူညီမှု များစွာရှိပါသည်။ တယောက်ကရောမ နောက်တဦးက ဂရိနှင့်အော်ဆိုဒေ့ါစ် စသည်တို့ဖြစ်ပါသည်။ ကျွန်တော်တို့မှာများစွာရှိပါသည်....

မက်သဒစ်တဦးက စ၍ပြောပါသည်။သူ့ကိုမက်ဒသစ် အသင်းတော်က တရားစီရင်ပါမည်။ ထိုသို့ဖြစ်လျှင် နှစ်ခြင်း များက အခွင့်အရေးရတော့မည်မဟုတ်ပါ။ နှစ်ခြင်းအားဖြင့် စီရင်ပါက မက်သဒစ်က အခွင့်အရေး မရတော့ပါ။

နှုတ်ကပတ်တော် အက္ခရာဗိန္ဒုတလုံးကိုမှားယွင်းရန် ရည်ညွှန်းမိပါက (အားလုံးမဟုတ်ပါ။ တပိုဒ်လုံး မဟုတ်ပါ)။ နှုတ်ကပတ်တော်ကိုတလုံးစာမှား၍ မယုံကြည်ခြင်း ဖြစ်ပါကသေခြင်း ဖျားနာခြင်း ဝမ်းနည်းခြင်း အမျိုးမျိုးကိုဖြစ်စေပါသည်။ ဧဝေဖြစ်သည်။ ဧဒင်ဥယျာဉ်ကြီးထဲမှာ ဖြစ်သည်။ ....အားလုံးမှာ အမျိုးသမီးကြီး တဦးနှုတ်ကပတ်တော်ကို နားလည်မှုလွဲရာမှစတင်ခြင်းကြောင့် ဖြစ်ပါသည်။ သူမ...ကစိတ်ပါလက်ပါနှင့်ပြုလုပ်ခြင်း မဟုတ်ပါ။ သူမလှည့်ဖျားခံရခြင်း ဖြစ်ပါသည်။ သမ္မာကျမ်းစာကို ဆိုထားပါသည်။ နှုတ်ကပတ်တော်အားဖြင့် လှည့်ဖျားခံရခြင်း ဖြစ်သည်။ ထို့ကြောင့် ဖြစ်လာရပါသည်။ နှုတ်ကပတ်တော်အားလုံးနှင့် ကျွန်တော်တို့ပြန်သွားရပါမည်။

သမ္မာကျမ်းစာကို ကျွန်တော်ယုံကြည်ပါသည်။ ကိုယ်တော်မလုပ်ပါ....ဘုရားသခင်က ပင်တေကုတ္တေ အသင်းတော်အားဖြင့်တရားစီရင်မည်ဟု မယုံကြည်ပါ။ မက်သဒစ်၊ နှစ်ခြင်း၊ ကက်သလစ် အားဖြင့်မဟုတ်ပါ။ ယေရှုခရစ်အားဖြင့်တရားစီ ရင်ပါမည်။ သူမိန့်တော်မူပါသည်။ ခရစ်တော်သည် နှုတ်ကပတ်တော်သည် ဘုရားသခင်နှင့်အတူရှိသည်။ နှုတ်ကပတ်တော် သည်လည်း ဘုရားသခင်ဖြစ်တော်မူသည်။ နှုတ်ကပတ်တော်ကို လူဇာတိခံယူစေပြီးကျွန်ုပ်တို့နှင့်အတူ ကျိန်းဝပ်စေတော်မူ သည်။ မနေ့၊ ယနေ့နှင့် ထာဝရပြောင်းလဲခြင်း မရှိပါ။

7 ၇။ တခုလုံးမှာကြီးမားလှသော ထာဝရအရာပင် ဖြစ်ပါသည်။ ထာဝရပင်အစ ဟုတ်သကဲ့သို့ အဆုံးလည်းမဟုတ်ပါ။ ဤကြီးမားသောထာဝရအရာမှာ ခမည်းတော်ဖြစ်ရန် သားတော်ဖြစ်ရန် ကယ်တင်ရှင်နှင့် အနာရောဂါ ငြိမ်းစေသူဖြစ်ရန်အားလုံးကိုယ်တော်ထဲမှာ ရှိပါသည်။ ယခုဖြစ်နေသည့် အရာတခုမှာ သူ၏အသွင်အပြင်များကို ဖော်ပြနေခြင်းပင်ဖြစ်ပါသည်။

ကျွန်ုပ်တို့၏အမည်များမှာသိုးသူငယ်၏ အသက်တာစာစောင်ထဲမှာ ကမ္ဘာကြီးမစတင်မီကပင် ဖော်ပြထားခြင်း ခံရပါသည်။ ထိုနှုတ်ကပတ်တော်ကထိမိသောအခါ အသက်အဖြစ် ဘီသိပ်ပေးရန် အလင်းဖြစ်လာပါက ယေရှုမိန့်တော်မူပါ သည်။ ငါ့အဖကမဆွဲဆောင်လျှင် မည်သူကမှငါ့ထံသို့ ရောက်မလာနိုင်ပါ။ ခမည်းတော်ငါ့အား ပေးသမျှကို ငါ့ထံသို့လာကြလိမ့်မည်။ နှုတ်ကပတ်တော်ပင် ဖြစ်သည်။ အမြဲပင် နှုတ်ကပတ်တော်ဖြစ်သည်။ နှုတ်ကပတ်တော်ဖြစ်ပါသည်။

8 ၈။ ယခုညကျွန်တော်တို့ ဤအကြောင်းကို ပြောဆိုပါသည်။ ကျွန်တော်တို့ဖတ်သော ကျမ်းချက်ထဲမှ ကောက်နှုတ်ပါမည်။ ဘုရားသခင်ကို သူ၏စရိုက်လက္ခဏာများ အားဖြင့်အမှတ်အသား ပြုပါသည်။

ယခုကျွန်တော်တို့ သတိပြုမိပါသည်။တိရိစ္ဆာန်အသက်တာမှာ ငှက်၏ဘဝကို ကြည့်နိုင်ပါသည်။ အဝါရောင်ငှက် yellow hammer ကိုကြည့်လျှင် သူပျံသန်းသွားလာနေပါသည်။jayငှက်နှင့်လည်း အလွန်တူပါသည်။yellow hammer မှာတောင်ပံခတ်၍နိမ့်ချီမြင့်ချီ ပျံသန်းပါသည်။ သူ၏လက္ခဏာပင် ဖြစ်ပါသည်။ jayငှက်များမှာ လမ်းကြောင်းအတိုင်းပျံသန်းပါသည်။

ငုံးငှက်မှာအဖြူရောင် အပျောက်ဖြစ်၍ သူတမျိုးပျံသန်းပါသည်။မုဆိုးများGamble ငုံးများကိုတတ်လာသောအခါကြည့်ပါ။ ကွာခြားမှု တွေ့ရပါသည်။ jacksnipeနှင့် Wilsons snipe ကိုလည်းကြည့်ပါ။သူ့ဘာဖြစ်ကြောင်း သူ့စရိုက်က ပေါ်လွင်ပါသည်။

တောင်စောင်းမှာ သိုးကြီးရပ်နေပါသည်။သူကြွေပေးထားပါသည်။ ကြွေပိုင်းမှာဖြူနေပါသည်။ အခြားတ ဖက်မှာ ညိုနေသည်။ ထိုသို့၏အသွင်အပြင်ကိုသိရပါမည်။ ဘာလဲဆိုတာ သိရန်နှင့် ဘာမဟုတ်လဲဆိုတာ သိရန်ပင်ဖြစ် သည်။ တိရိစ္ဆာန်အကြောင်းနှင့်ပတ်သတ်၍ သင်တို့ကိုများစွာ ပြောပြနိုင်ပါသည်။

9 ၉။ လူသားဘဝနှင့်ပတ်သက်၍လေ့လာသောအခါ လူယောက်ျားနှင့် မိန်းမတို့၏ လက္ခဏာများကို သိရပါသည်။ ကွာခြားမှုရှိပါသည်။ သူတို့၂ဦးစလုံးမှာ လူသားများဖြစ်ကြပါသည်။ သို့သော် မတူညီသော လိင်၂မျိုး၏လက္ခဏာများက သူတို့ကို သေချာစွာ စစ်ဆေးပါသည်။ ကျွန်တော်ကမကြာမီက စာဖတ်ကြည့်ပါသည်။ရောလမုန်မင်းကြီးကို စစ်ဆေးခြင်း အကြောင်းဖြစ်၍ ဘုရင်မက စစ်ဆေးခြင်းဖြစ်ပါသည်။ မိန်းမအချို့ယောက်ျားကဲ့သို့ ဝတ်ဆင်သောကြောင့် ဖြစ်သည်။ ရှောလ မုန်က သူတို့ထံလျှောက်သွား၍ အမှုအနည်းငယ်ပြုပါသည်။ သူကလျှင်မြန်စွာ ပြောပါသည်။ သူတို့မိန်းမများ ဟုဆိုသည်။ သူတို့လုပ်သမျှကိုကြည့်၍သူပြောနိုင်ပါသည်။ မိန်းမ၏စရိုက် လက္ခဏာများကြောင့် ဖြစ်သည်။ ပုန်းကွယ်ထား၍ မရသောအကြောင်း အရာများရှိပါသည်။ မိန်းမဖြစ်ခြင်းမှာ သူမ၏လက္ခဏာ အကျင့်စရိုက်က မိန်းမဖြစ်ကြောင်းဖော်ညွှန်းနေပါသည်။ လူတို့အတွက် ညာဖက်နှင့်ဘယ်ဖက် လက်ကဲ့သို့ ဖြစ်နေပါသည်။ သူတို့၂ဦးစလုံးလူသားများ ဖြစ်ကြပါသည်။ သင်ကြည့်ပါ။ သူတို့ထဲမှတဦးသည် ညာသန်ဖြစ်၍ တဦးမှာဘယ်သန် ဖြစ်ပါသည်။ သူတို့အကျင့်များက သူတို့ကိုသိစေသော အရာများဖြစ် ကြောင်း ကြည့်ပါ။ သူတို့ဘယ်သန်လား၊ညာသန်လား သင်ပြောနိုင်ပါသည်။ သို့တိုင်သူတို့မှာ လက်များရှိပါသည်။ အတိအ ကျ တူနေပါသည်။အတိအကျ တူနေပါသည်။

10 ၁၀။ ဒီမှာကျွန်တော်တခုခုကို ချထားပါသည်။ ယေရှုကမသဲ အခန်းကြီး(၂၄)တွင် ဖော်ပြထားပါသည်။.... ရွေးချယ်ထား သော သူများကိုပင်လျှင် လှည့်ဖျားသွားလိမ့်မည်။

ဘယ်ဖက်နှင့်ညာဖက်ကိုကြည့်သကဲ့သို့ ဖြစ်ပါသည်။ သူတို့မှာလက်မများ လက်ချောင်းကလေးများ လက်သဲများ လက်သန်းလက်ခလယ်များအစီအစဉ်တကျ ရှိပါသည်။ တူညီမှုမရှိသော လက်ချောင်းကလေးများ ဖြစ်ပါသည်။ လက်တွေမှာလည်းမတူညီကြပါဘူး။ တမျိုးစီ ဖြစ်ပါသည်။ လက်တွေမှာလည်း မတူညီကြပါဘူး။ တမျိုးစီ ဖြစ်ပါသည်။အရာခပ်သိမ်းမှာ တူညီပုံပေါ်သော်လည်း ကွာခြားချက်မှာ လက္ခဏာပင် ဖြစ်ပါသည်။ တခုမှာ ဘယ်ဖက်ဖြစ်၍တခုမှာ ညာဖက် ဖြစ်ပါသည်။ တခုတည်းသော ကွာခြားချက်ဖြစ်သည်။

နောက်ဆုံးသောနေ့ရက်များမှာဝိညာဉ်များလည်း ထိုနည်းငင်းပင် ဖြစ်ပါသည်။....၎င်း၏လက္ခဏာများက ဘုရားနှင့် ဆိုင်မဆိုင်ပြန်လည်ဖော်ထုတ် နိုင်ပါမည်။ တခုကမှန်၍ တခုကမှားပါမည်။ဘုရားသခင်၏ လက္ခဏာအားဖြင့်သာ သတိရပါမည်။ ထိုနည်းအတိုင်းပင် ဖြစ်ရပါမည်။ ညာဖက်လက်ကိုညာဟုဆိုကြပါသည်။ ဘယ်ဖက်မှာ မှားပါသည်။ (သို့)အပြန်အလှန် ပြောင်းပြန်ဖြစ်ပါသည်။ သူတို့ကိုသူတို့၏လက္ခဏာများဖြင့်သာ သူ့ကိုသင်သိနိုင်ပါသည်။

11 ၁၁။ ဣသရေလတို့အီဂျစ်ပြည်မှ ထွက်လာသောအခါ လမ်းမှာရောက်နေပါသည်။ ဘုရားသခင်သည် ဣသရေလနှင့် အတူရှိနေပါသည်။ သူတို့ကို ခေါ်ထုတ်လာသောအခါ သူတို့၏စရိုက် လက္ခဏာကို တွေ့ရပါသည်။ မောရှေကိုမည်သို့တွေ့ဆုံပြီးသူပြုသော အမှုများ လမ်းမှာလည်းတခြား နိုင်ငံတစ်နိုင်ငံသို့ သူတို့ရောက်လာကြပါသည်။မောဘပြည်ဖြစ်သည်။ တောမှာနိုင်ငံကြီး တစ်နိုင်ငံဖြစ်၍ တပါးအမျိုးသား မဟုတ်ပါ။ မောဘသမီးများ၏သားသမီးများ ဖြစ်ကြပါသည်။ ယုံကြည် သူများ ဖြစ်ကြပါသည်။ နိုင်ငံ၂နိုင်ငံကို ကြည့်ပါ။သူတို့ထဲမှတဦးမှာ အသိအမှတ်ပြုခြင်း ခံရသောနိုင်ငံ ဖြစ်ပါသည်။ နောက်တစ်နိုင်ငံမှာ လှည့်လည်သွားလာရသောနိုင်ငံဖြစ်ပါသည်။ တနေရာသို့ရောက်လာ သောအခါမောဘပြည်မှာ သူတို့ တာဝန်ကျရာ နေရာနှင့်မျဉ်းတဖြောင့်တည်းကျနေပါသည်။ ဂတိထားတော်မူရာပြည်သို့ သွားရာလမ်းမှာ ဖြစ်သည်။ သူတို့မှာရှိသည်။....

ထိုနှစ်နိုင်ငံကိုကြည့်ပါ။တစ်နိုင်ငံဆီမှာ ပရောဖက်တပါးစီ ရှိသည်။ တဦးမှာမြင့်မြတ်သော ဆရာနှင့်ပရောဖက် ဘာလမ်ဖြစ်သည်။ နောက်တဦးမှာ မောရှေဖြစ်သည်။ ဘာလမ်က အထက်မှ ဆင်းလာပါသည်....ဣသရေလကို ကျိန်ဆဲ ရန်ဖြစ်သည်။

12 ၁၂။ သူတို့(၂)ဦးစလုံးမှာလုံးဝအခြေခံ ကျသူများဖြစ်သည်။ ပရောဖက်မှာ ဘာလမ်ထံမှ အခြေခံကျကျ ယုံကြည်သူများ ဖြစ်၍ငါ့ကိုယဇ်ပလ္လင်(၇)ခု ဆောက်ပေးပါဟု ဆိုသည်။ ဘုရားသခင်၏ နံပါတ်အတိအကျပင် ဖြစ်သည်။ ပလ္လင်တခုစီပေါ်မှာသန့်ရှင်းသော ယဇ်များကို ပူဇော်ပါ။ ဣသရေလ စခန်းချရာမှ သူတို့ပူဇော်သော ယဇ်နှင့်တူနေပါသည်။သူကလည်းပြော သည်။ ယဇ်ပလ္လင်ပေါ်မှာ သိုးသူငယ်ကို ပူဇော်ပါ။ ခရစ်တော် ကြွလာတော်မူခြင်းကိုပြောနေခြင်းဖြစ်သည်။ ပလ္လင်များတူညီ သည်။ ဘုရားလည်းတူသည် သူတို့ထဲမှ တဦးမှာမှားနေပါသည်။တဦးမှာမှန်သည်။ ဘယ်ဟာမှန်း အတိအကျ ပြောနိုင်သည် မှာ တလမ်းတည်းဖြစ်သည်။.... နှုတ်ကပတ်တော်သို့ အခြေခံကျကျ ရောက်လာသောအခါ ၂ဦးစလုံး မှန်ပါသည်။သင်တွေ့ရ ပါသည်။ သူ၏စိတ်သဘောထား မှာမှားနေပါသည်။ ဘုရားသခင် သူ့အားပေးထားသော ဂတိတော်လမ်းကြောင်းမှသူ၏ညီအ ကိုတို့ကို ဖြတ်တောက်ရန် ကြိုးစားနေခြင်းဖြစ်သည်။

13 ၁၃။ နောက်တခုမှာပရောဖက်ဘာလမ် ဖြစ်သည်။ အခြေခံကျသည်။ သို့သော်ပရောဖက် မောရှေမှာဘုရား၏ လက္ခဏာ

များဖြင့်အသိအမှတ်ပြုခြင်း ခံရပါသည်။ မီးတိုင်ရှိပါသည်။ သဘာဝထက်လွန်သော အလင်းသူတို့အပေါ်သို့ကျရောက်နေပါ သည်။ သူတို့အခန်းထဲမှာ ကြီးမားသောအနာရောဂါ ငြိမ်းစေပါသည်။ သဘာဝထက် လွန်ကဲသောဘုရားကသဘာဝထက် လွန်ကဲသော အရာများကို ဖော်ပြပါသည်။ ၂နိုင်ငံစလုံး စတင်စဉ်က အာဗြဟံကိုဘုရားသခင် ပေးသော ဂတိတော်အတိုင်း သူတို့နေ ထိုင်ကြပါသည်။ မောရှေမှာဘုရားသခင်၏ ဂတိရှိပါသည်။ဘာလမ်မှာလည်း ကိုယ်တော်ရှင်၏ ပရောဖက်ဖြစ်ပါ သည်။ ထိုနေရာမှာ ရပ်နေပါသည်။

သင်အသိအမှတ် ပြုနိုင်သောတခုတည်းသော လမ်းမှာသူတို့၏ အခြေခံသွန်သင်ချက်မှ မဟုတ်ပဲဘုရားသခင်၏ လက္ခဏာမှ ဖြစ်ပါသည်။

ဣသရေလနိုင်ငံမှာ ဘုရားအသံကြားရပါသည်။ယဇ်ပူဇော်ခြင်းမှာ ထိရောက်မှု ရှိပါသည်။ မြွေကြေးဝါရုပ် ခွဲခံရသော ကျောက်စသည်တို့ ဖြစ်သည်။ဘုရားသခင်မှာ သူတို့နှင့်အတူရှိ၍ သဘာဝလွန်အလင်း ရှိသည်။ သူတို့ ဆက်သွားသောအခါ အနာရောဂါငြိမ်း၍ပျောက်ကင်းချမ်းသာ ရပါသည်။ လက္ခဏာများအရ သူကနှုတ်ကပတ်တော်၌ တည်၍ ထိုခေတ်ကာလအ တွက် ဖြစ်ပါသည်။ဘုရားသခင်၏ လက္ခဏာမှာ မောရှေနှင့်မိမိကိုယ်ကို အမှတ်အသားပြုခြင်း ပင်ဖြစ်ပါသည်။ ဘုရားရှင်၏လက္ခဏာမှာ မောရှေနှင့် အသိအမှတ်ပြုခြင်းဖြစ်၍ မီးတိုင်ပူဇော်ခြင်းကို လက်တွေ့လုပ်ဆောင်ခြင်းသဘာဝထက် လွန်ကဲ ခြင်း လွဲသွားသောကျောက်နှင့် ကြေးဝါမြွေရုပ်က အနာရောဂါ ငြိမ်းခြင်းအကြောင်းပြောနေပါသည်။ သူတို့တာဝန်ကျသော အချိန်ဖြစ်၍ ဘုရားသခင်၏ ဂတိတော်လည်း ဖြစ်ပါသည်။

14 ၁၄။ တဖန်ဘုရားသခင်၏လက္ခဏာမှာ သဘာဝမကျပါ။ ဘုရားသခင်၏ လက္ခဏာမှာ သဘာဝထက် လွန်ကဲပါသည်။ အကြောင်းမှာသူက ဖန်ဆင်းရှင်ဖြစ်သောကြောင့်ဖြစ်ပါသည်။ သူသည်သဘာဝထက် လွန်ကဲပါသည်။ ဘုရားသခင်၏ လက္ခဏာက မိမိကိုယ်ကို ဖော်ပြသောအခါခေတ်မှီအတွေးအခေါ် အတွက်သိတ်ဖြစ်လေ့ဖြစ်ထ မရှိပဲလိုင်းထဲမှ သူတို့ကိုပစ် ပယ် လိုက်ပါသည်။သူတို့နားမလည် နိုင်သေးပါ။ သူ၏ဂတိတော်မှ သူကရုန်းမထွက် သွားနိုင်ပါ။ ဘုရားသခင်က ခေတ်ကာလတိုင်းမှာ နှုတ်ကပတ်တော်ကို ခွဲတမ်းချခဲ့ပါသည်။

ဥပမာအားဖြင့် တခုယူကြပါစို့။ယောသပ်ရှိသည်။ နာရီ၏ခင်ပွန်း ဖြစ်ပါသည်။ သူယခုအခါမှာ ဤမိန်းမငယ်နှင့် စေ့စပ်ထားပါသည်။ သူတို့လက်ထပ်ရန် ဖြစ်ပါသည်။ သူတို့အတူတကွ ရောက်မလာမှီ သူမမှာ သန့်ရှင်းသောဝိညာဉ်တော်အားဖြင့်ကလေး ရှိနေပါပြီ။

ကျွန်တော်တို့ အားလုံးယုံကြည်ကြပါသည်။ ကျွန်တော်တို့သည် ခရစ်ယာန်များ ဖြစ်ကြပါသည်။ ခရစ်ယာန်ဖြစ်ရန် အတွက်ကျွန်တော်တို့ ယုံကြည်ကြရပါမည်။ သမ္မာကျမ်းစာပင် ဖြစ်ပါသည်။ သမ္မာကျမ်းစာထဲမှ စကားလုံးတိုင်းကိုကျွန်တော် တို့ ယုံကြည်ကြပါမည်။ ခရစ်ယာန်ဖြစ်ရန် အတွက်ဖြစ်ပါသည်။ သန့်ရှင်းသောဝိညာဉ်တော်ဤအထဲမှာရှိပါက စကားလုံး တိုင်းကို ဂတိတော်တိုင်းနှင့် ဆက်စပ်မေးပါသည်။ အာမင်နှင့် ဖြစ်ပါသည်။အကြောင်းမှာ ယောသပ်သည် ဖြောင့်မတ်သော သူ ဖြစ်သည်။ လူကောင်းဖြစ်သည်။

မာရိကသူ့အား ဂါဗြေလေရောက်လာကြောင်း ပြောပြပါသည်။ သန့်ရှင်းသော ဝိညာဉ်တော်အားဖြင့် မည်သို့အရိပ် လွှမ်းမိုးခြင်းခံရပါသနည်း။ ပဋိသန္ဓေ ဆောင်ယူ၍ သားယောက်ျားကို ဖွားမြင်သည်။ သူမက သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် မည်သို့အရိပ် လွှမ်းမိုးခြင်းကို ခံရပါမည်နည်း။ သားယောက်ျားကို ဖွားမြင်မည်။သူ၏အမည်ကိုလည်း ယေရှုဟုခေါ် မည်။ သူမကယောသပ်ကို ပြောပြပါသည်။ ယောသပ်က သူမ၏ မျက်ဝန်းညိုကြီးကိုကြည့်ပြီး အပြစ်ကင်းစင်မှုကို တွေ့ရပါ သည်။ သူက ယုံကြည်လိုပါသည်။ သူ့စိတ်နှလုံး အကြွင်းမဲ့သူကယုံကြည်လိုပါသည်။ အလွန်ပင် ဖြစ်လေ့ဖြစ်ထ မဟုတ်ပါ။ သူမကိုသူက လျှို့ဝှက်စွာ စွန့်ပစ်ရန်ကြံစည်ပါသည်။

15 ၁၅။ လူတဦးကဘုရားသခင်၌ ရိုးသားပါက ဘုရားသခင်က ထိုအရာမှာ သမ္မာတရားဖြစ်ကြောင်း လမ်းပြပါသည်။ သင်ရိုးသားပါက ကိုယ်တော်ရှင်တာဝန် ယူပါမည်။ သင်ကမြင်တွေ့၍ ၎င်းမှလျှောက်ထွက် သွားပါကသင်တရားစီရင်ခြင်းခံရပါမည်။ သို့သော်သင်က ရိုးသားပါက အမှန်တရားကို မြင်တွေ့ပါက....

ယောသပ်က စိတ်နှလုံးဖြောင့်မတ်ပါသည်။၎င်းအရာမှာ အလွန်ပင် သဘာဝမကျပါ ဟုဆိုသည်။

ယနေ့လည်း ထိုနည်းအတိုင်းပင်ဖြစ်ပါသည်။ ထိုသူများ လူကောင်းများ လူတတ်များ အကျင့်ကောင်းသူများ အမှု တော်ဆောင်ကောင်းများများစွာသောသူတို့ ဘုန်းတော်ကြီးများ စသည်ဖြင့်သူတို့သည် လူကောင်းများ ဖြစ်ကြပါသည်။သို့သော် သဘာဝထက် လွန်ကဲသော ဂတိတော် ဖော်ပြချက်များမှာ ယနေ့ခေတ်တွင် အလွန်ပင်သဘာဂ မကျပါ။သူတို့မမှု တခြင်းထဲမှာ သူတို့ကိုပစ်ထုတ် လိုက်ပါသည်။ ထိုသို့ပြုလုပ်ခြင်း အကြောင်းမှာဘုရားသခင်၏ လက္ခဏာများကို ၎င်းကဖော် ပြခြင်းကြောင့် ဖြစ်ပါသည်။

16 ၁၆။ သူမ၏ခင်ပွန်းယောသပ်မှာ ဖြောင့်မတ်သောသူ ဖြစ်သဖြင့် အများရှေ့မှာ သူမကိုအရှက်တကွဲ မဖြစ်စေလိုသဖြင့်ယုံကြည်ရန်ကြိုးစားသော်လည်း မယုံကြည်နိုင်လောက်အောင် ဖြစ်ပါသည်။ ထိုအရာများအကြောင်းစဉ်းစားသောအခါ ကိုယ် တော်၏ ကောင်းကင်တမန်က သူ့အားစကားပြောသည်။

သူအမြဲတမ်းအိပ်မက်နှင့်စကားပြောစရာ မလိုပါ။ သူ့ကိုယ်သူ နှုတ်ကပတ်တော်အားဖြင့် ဖော်ပြရပါသည်။ မှန်ကန် ကြောင်းပြပါသည်။ သင်ရိုးသားစွာဖြင့် ကြည့်ပါက ဘုရားသခင်၏ လက္ခဏာဖော်ပြနေကြောင်း ၎င်းကိုယ်တိုင်ပေါ်လွင်နေပါ သည်။ သို့သော် အမြဲတမ်း ဂတိတော်နှင့် အဖက်ဖက်က ကိုက်ညီနေပါသည်။

နောက်တခုမှာ ဘုရားနှုတ်ကပတ်တော်ကအမြဲတမ်းအမှားကို ပြင်ပါသည်။ သင်ယုံကြည်ပါသလား။ နှုတ်ကပတ် တော်က ဖြေရှင်းပါသည်။ ဘုရားသခင်ကစကားကိုဖော်ပြပါက ဖြေရှင်းနိုင်ပါသည်။ တစိတ်တသဘောတည်းဖြင့် ကျွန်တော် စဉ်းစားလိုပါသည်။ ကျွန်တော်တို့ အချိန်အများကြီး မယူလိုပါ။ အကြောင်းမှာ ကျွန်တော်တို့ ဖျားနာသူ အချို့အတွက်ဆုတောင်းလိုပါသည်။ ကြည့်ကြပါစို့။ ယေရှုမှာ နှုတ်ကပတ်တော် ဖြစ်ပါသည်။....သမ္မာကျမ်းစာ ဆိုထားပါသည်။ သူကနှုတ် ကပတ်တော် ဖြစ်ပါသည်။ သူနှုတ်ကပတ်တော်ဖြစ်ကြောင်းကျွန်တော်တို့ သဘောတူပါသည်။ ကိုယ်တော်ရှင်အသက် ၁၂နှစ်အရွယ်က

ကျောင်းတတ်ခဲ့ကြောင်းမှတ်တမ်းမရှိပါ။ ၁၂နှစ်သားကလေးမှာ အလွန်မြင့်ပါသည်။ မိဘ၂ပါးဖြစ်သော မာရိနှင့်ယောသပ်ကပထခါပွဲခံရန် ဗိမာန်တော်သို့ တက်သွားပါသည်။ သူတို့ပသခါပွဲ နောက်ပြန်လာကြပါသည်။ ၃ရက်ခရီးသွားရပါသည်။ ယေရှုကို ဘယ်နေရာမှာမှ ရှာမတွေ့တော့ပါ။ နောက်ဆုံးကိုယ်တော်ကို တွေ့ရပါသည်။ဗိမာန်တော်ထဲမှာ ၃ရက်ကြာပြီးနောက် နှုတ်ကပတ်တော်ကို လူကြီးများနှင့် အငြင်းအခုံ လုပ်နေကြောင်းတွေ့ရပါသည်။

17 ၁၇။ ယခုမာရိကနားထောင်ပါ။ သူမကိုဘုရားမအဖြစ် ခန့်ထားသော လူများကြည့်ပါ။ မိန်းမမှာ အစဦးကတည်းက လှည့်ဖျားခံရပါသည်။ ယခုလည်းကြည့်ပါ။ သတိမထားမိလျှင် သတိပြုကြည့်ပါ။ သူမကပြောပါသည်။ သင့်ဖခင်နှင့်ကျွန်ုပ်သင့်ကိုမျက်ရည် မျက်ခွက်နှင့် ရှာဖွေခဲ့ပါသည်။ သူမကသက်သေ ခံပါသည်။ (ယဇ်ပရောဟိတ် များရှေ့မှာ)သက်သေခံ သည်။ သန့်ရှင်းသော ဝိညာဉ်တော်အားဖြင့် ပဋိသန္ဓေ စွဲယူ၍ယောသပ်ကို သူ၏ဖခင်ဟုခေါ်ပါသည်။

ယခုထို၁၂နှစ် သားကလေးကိုကြည့်ပါ။ထိုခေတ်ကာလ၏ နှုတ်ကပတ်တော်ဖြစ်သည်။ ထိုအချိန်၏ ဂတိတော်နှင့် ယှဉ်သော နှုတ်ကပတ်တော်ဖြစ်ပါသည်။ ဘိသိတ်ခံရသော မေရှိယဖြစ်သည်။ သူလာပြောသလဲကြည့်ပါ။ ငါ့အဖ၏အမှု အတွက်ငါရှိနေကြောင်းမသိကြဘူးလား? နှုတ်ကပတ်တော်ကအမှားကိုပြင်ပေးပါသည်။ သဘာဝထက် လွန်ကဲသော (၁၂) အရွယ် ကလေးကိုကြည့်ပါ။ ကိုယ်တော်ဘာပြောသည်ကိုယေရှုသိလိမ့်မည်ဟု ကျွန်တော်မသိပါ။ သို့သော် သူက နှုတ်က ပတ်တော်ဖြစ်၍ နှုတ်ကပတ်တော်ကအမှားပြင်ပါသည်။ သူ့မိခင်ကိုသူက အမှားပြင်ပါက ထိုသို့မပြောရန် သွန်သင်သည်။ သူ့ဖခင်၏အမှုဖြစ်ပါကသူ့ဖခင် နှင့်အတူသူ ရှိနေပါမည်။ ယောသပ်မှာသူ၏ ဖခင်ဖြစ်ပါက ထိုသို့ဖြစ်ပါမည်။

သို့သော်ယခု ကြ့ည့်ပါ။ သူမစိတ်ပူနေပါသည်။ဇဝက်ခဲ့သို့ လွှမ်းမိုးခံရပါသည်။ ဘာကြောင့်လဲ။ သူမပြောပါသည်။

သင့်ဖခင်နှင့်ကျွန်ုပ်ကမျက်ရည် ကျလျှက်သင့်ကို ရှာခဲ့ပါသည်။

သူကပြောသည်။ ငါ့အဖအိမ်တော်မှာ ငါလုပ်စရာရှိသည်ကိုမသိကြသလော။ နှုတ်ကပတ်တော်ကို အမှားပြင်ရပါ သည်။ အမှားကို ပြင်ပါသည်။

ယေရှုကို သွေးဆောင်သောအခါစာတန်အမှား လုပ်မိပါသည်။

သို့သော်သူ့စကားဖြင့်သူပြန်လာပါသည်။ နှုတ်ကပတ်တော်နှင့် ရှုံးနိမ့်ရပါသည်။

18 ၁၈။ သမ္မာကျမ်းစာဆိုထားပါသည်။ ဘုရားသခင်သည် ရှေးကာလက အကွဲကွဲအပြားပြား သောအကျင့်စရိုက်များဖြင့် မိမိကိုယ်ကိုသူ၏ပရောဖက်များ အားဖြင့်ဖော်ပြပါသည်။ ဘိုးဘေးများကို ပရောဖက်များအားဖြင့် စကားပြောပါသည်။သူ၏စရိုက် လက္ခဏာကို သူ့ကိုယ်သူဖော်ပြခြင်း အားဖြင့်ပြုလုပ်သည်။ ပရောဖက်များကို စကားပြောသည်။ပရောဖက်များ သူတို့၏ရူပါရုံများ ဖော်ပြချက်များမှာ ဘုရားသခင်၏ စရိုက်လက္ခဏာ များကိုသိစေရန်ပရောဖက်၏ ရူပါရုံအားဖြင့် ဖြစ်ပါသည်။ ဘယ်သူမှရူပါရုံကို ရှင်းမပြနိုင်ပါ။ ပြုလုပ်သည့်နည်းလမ်းမရှိပါ။ သဘာဝထက် လွန်ကဲပါသည်။ ဘာဖြစ်ပျက်ခဲ့ သလဲဆိုတာ သင်မြင်တွေ့ရသော တစုံတရာပင် ဖြစ်ပါသည်။ ဘာဖြစ်လဲ။ ဘာဖြစ်မည်လဲပင် ဖြစ်ပါသည်။ ထိုအရာများကို ပြောသောဘုရားသခင် စေလွှတ်ခြင်းနည်းလမ်းမှာဖြစ်လာမည့်အရာများကို ဖော်ပြပါသည်။ (ညနေည သာဖက်ပါ) ညတိုင်း၊ အချိန်တိုင်း ဖြစ်ပါသည်။သူပြောသမျှအားလုံး အပြစ်ကင်းစင်ပါသည်။ ကိုယ်တော်နှင့်ပတ်သတ်၍ ဘုရားသခင်၏ နှုတ်က ပတ်တော်အတိုင်းလုံးဝ ဖြစ်ရမည်။

19 ၁၉။ ဤအရာအားဖြင့်ဆုကျေးဇူးများနှင့် ခေါ်ခြင်းများမှာ နောင်တတရား မရှိပါ။ သင့်မျက်လုံးများ ပြာနေသောအခါအညိုရောင်ဖြစ်အောင် မလုပ်နိုင်ပါ။ သင့်ကိုယ်သင် ဖိုပေလုပ်လို့မရပါ။ ၄ပေဖြစ်လျှင် ဖိုပေလုပ်၍မရပါ။သူ၏အနေအထားကို တစ်ကုဗပင် ပေါင်းထည့်၍မရပါ။ မည်သူပေါင်းထည့် နိုင်ပါမည်နည်း။ ဘုရားကျေးဇူးတော်အားဖြင့်ကျွန်တော်တို့မှာ ဘာဖြစ် ပါသလဲ။

ဆုကျေးဇူးနှင့် ခေါ်ခြင်းများမှာနောင်တမရှိပါ။ ထိုပရောဖက်များမှာ အဖြစ်မွေးဖွားလာခြင်း ဖြစ်ပါသည်။ မောရှေမှာ သာမန်ကလေးအဖြစ် မွေးဖွားလာပါသည်။ ယေရှုသည် ဘုရားသားတော် ဖြစ်၍ကမ္ဘာကြီး မတည်ရှိမှီကတည်းကဖြစ်သည်။ ဘုရားသခင်၏ သဘောဖြစ်သည်။ ယေရမိ၁၂....နှစ်ပေါင်း၇၁၂နှစ် ဖြစ်သည်။ ကိုယ်တော်ရှင်မဖွားမြင်မှီဟု ကျွန်တော် ယုံကြည်ပါသည်။ သူသည်အသံဖြစ်သည်။....မဟုတ်ပါ။ တောင်းပန်ပါတယ်။ သူကနိုင်ငံတကာ၏ ပရောဖက်အဖြစ် ဘိသိပ်ပေးခြင်း ခံရသည်။ မိခင်၏ဝမ်းထဲမှာ သန့်စင်ခံရသည်။ ပရောဖက်အဖြစ် ဘိသိပ်ပေးခံရသည်။ ဗတ္တိဇံယောဟန်မှာသူမမွေး ခင် နှစ်ပေါင်း (၇၁၂)နှစ်ခန့်က ဖြစ်ပါသည်။ တောထဲမှာ ဟစ်ကြွေးသောအသံ ဖြစ်ပါသည်။

20 ၂၀။ ဘုရားသခင်ကနေရာမှမေးခြင်း ဖြစ်သည်။ သူကလူတဦးကို စေလွှတ်သည်။ ထိုခေတ်၏ နှုတ်ကပတ်တော်ကို ယူလိုက်သည်။ သို့သော်သင်က ထိုနှုတ်ကပတ်တော် (ထိုခေတ်ကာလအတွက်) ကိုမယုံကြည်မှီသူက သူ့ကိုယ်သူ၏ လက္ခဏာမှာ ဖော်ပြပါသည်။ အသိပညာအားဖြင့် ရူပါရုံအားဖြင့် ဖြစ်လာမည့်အရာများကို ပြောသည်။ဖြစ်လည်း ဖြစ်လာပါသည်။ ဘုရားသခင်က ပြောပါသည်။ ထိုသို့ဖြစ်လာသောအခါ သူ့မှာနှုတ်ကပတ်တော်ကိုအနက်ဖွင့်ဆိုခြင်း ဖြစ်ကြောင်းသင် ယုံကြည် လာပါသည်။ အကြောင်းမှာကိုယ်တော်၏ နှုတ်ကပတ်တော်ကဤလူထဲလာခြင်းကြောင့် ဖြစ်သည်။ အသေးစိတ် အကြောင်းအရာများမှာ သူ့အားဓမ္မဟောင်းတွင် ပရောဖက်လက္ခဏာနှင့်ပြည့်စုံသည်ဟု ဖေးပြခြင်းကြောင့် ဖြစ်ပါသည်။ ရှင်းလင်းလုပါသည်။ သူ၏လက္ခဏာမှာ ဖော်ပြခြင်းခံရပါသည်။

'ဘုရားသခင်က ရှေးကာလကိုထိုသို့ပြုလုပ်ခဲ့သည် ဟုသမ္မာကျမ်းစာ' ဆိုထားပါသည်။

ကွဲပြားသော အမှုအကျင့်များအရဘိုးဘေးများကို သူကစကား ပြောပါသည်။ ပရောဖက်များအားဖြင့် ဖြစ်၍ကျန် နောက်ဆုံးသော နေ့ရက်များမှာယေရှုခရစ်တော်အားဖြင့် ဖြစ်ပါသည်။

ယေရှုက (ယောဟန် ၁၀း၃၇)တွင် ‘ငါ့အဖ၏အမှုကို ငါပြုလျှင်ငါ့ကိုမယုံနှင့်’ ဟု ဆိုထားပါသည်။

သူတို့က ဆိုပါသည်။ သင်ကလူဖြစ်၍သင့်ကိုယ်သင်ဘုရား မြှောက်နေခြင်းဖြစ်သည်။ ယခုသူ ပြောပါသည်။ ယောဟန်သည် တောက်ပ၍ ထွန်းလင်းသောအလင်းဖြစ်ပါသည်။ သင်ကအလင်းထဲမှာ လျှောက်လှမ်းရပါသည်။ ယောဟန် က ပြောပါသည်။

ငါထွက်သွားရမည်။ ကိုယ်တော်ကြီးထွားလာရမည်။

သူသည်လောက၏ အလင်းဖြစ်သည်။အကြောင်းမှာ သူ့အား ဖော်ပြခြင်းဖြစ်၍ မှတ်သားထားသော စကားက လူ့ဇာတိ ဖြစ်လာပါသည်။ သူသည်ငါတို့နှင့်အတူရှိသော ဘုရားဖြစ်သည်။

21 ၂၁။ ပရောဖက်များနှင့်အတူဘုရားသခင် ရှိပါသည်။ ယေရှုမိန့်တော် မူပါသည်။ သူတို့ကိုခေါ်ပါက ဘုရားနှုတ်ကပတ် တော်မည်သူ့ထံလာပါသနည်း။ ဘုရားများထံ လာပါသည်။ ငါကဘုရားသားတော်ဟု ပြောသောအခါ သင်ကငါ့ကိုတရား စီရင် နိုင်ပါသလား? ဘုရားသခင်ပြောသော စကားမှာဘုရား အားဖြင့်ဖော်ပြထားခြင်းပင်ဖြစ်ပါသည်။ ဘုရားသခင်က မိမိ၏ လက္ခဏာအားဖြင့် မိမိကိုယ်ကို ဖော်ပြခြင်းဖြစ်သည်။ သူ၏နှုတ်ကပတ်တော်ကိုပြည့်စုံစေပါသည်။ အနက်ဖွင့်ဆိုရန် မလိုပါ။ မိမိ ဘာသာ အနက်ဖွင့်ဆိုထားခြင်း ဖြစ်ပါသည်။ ဘာဖြစ်သလဲဆိုတာ သက်သေပြပါသည်။

အလင်းဖြစ်စေဟု ပြောသကဲ့သို့ပင်ဖြစ်ပါသည်။ အလင်းဖြစ်လာပါသည်။ သင်ပြောစရာမလိုပါ။ ဘာအဓိပ္ပါယ်လဲ။ အဓိပ္ပါယ်မှာ....ဖြစ်ပါသည်။ သက်သေပြပါသည်။ ဖြစ်လာပြီး ဖြစ်ပါသည်။ ယခုသခင်ယေရှုကပြောပါသည်။ ငါ့အဖ၏ အလုပ် များကိုငါ မလုပ်ပါက ငါ့အဖ၏ အကျင့်လက္ခဏာ ငါ့မှာမရှိပါက မယုံကြည်ပါနှင့်။သူတို့ကငါ၏ စရိုက်ကို အမှတ်အသား ပြုပါသည်။ ငါဘယ်သူလဲ။ ငါ့ကိုသင်မယုံကြည် နိုင်ပါကဘုရားသခင်ပေးသောအမှတ်အသားကို ယုံကြည်ပါ။ သင် မဟုတ်ပါက... ငါမဟုတ်ပါက....ငါ၏စရိုက်လက္ခဏာမှာ ငါ့အနေအထားကို အသိအမှတ်မပြုပါ။ ထိုအခါငါ၏ကြွေးကြော် မှုများကို မယုံကြည်ပါနှင့်။ ဒီညရရှိသည်ကို ကြည့်ပါလား?။ ဘယ်နှစ်ယောက် နားလည်ပါသလဲ။ လက်ထောင်ပြပါ။ငါ၏စရိုက် လက္ခဏာက အမှတ်အသား မပြုပါက မည်သူကြွေးကြော် ပါသလဲဟု ယေရှုကပြောပါသည်။ သင်ကယုံကြည်ပါသည်..... သင်ကျွန်ုပ်ကို မယုံကြည်နိုင်ပါက အမှတ်အသား ပြုခြင်းကိုသာ ယုံကြည်ပါ။ငါ၏စရိုက်ကို အမှတ်အသား ပြုခြင်းပင်ဖြစ် ပါသည်။

22 ၂၂။ ယော၁၄း၁၂ငါ့ကိုယုံကြည်သောသူသည် ငါပြုသောအမှုကို ပြုကြလိမ့်မည် ဟုယေရှုက ဆိုပါသည်။ ယခုကြည့်ပါ။ ငါတို့ယုံကြည်သောသူသည် စစ်မှန်သော ယုံကြည်သူဖြစ်ပါသည်။ ငါပြုသောအမှုတို့ကို ပြုကြလိမ့်မည်။သတိပြုပါ။ တနည်းအားဖြင့်ဆိုသော် ဤသို့ဖြစ်သည်။ ငါတို့ယုံကြည်သောသူသည် ငါ၏စရိုက် လက္ခဏာများအားဖြင့်အမှတ်အသား ပြုခြင်းခံရပါမည်။ အကျင့်များဖြစ်သည်။ ကိုယ်တော်ရှင် အမှုပြုခြင်းခံရပါသည်။သူကပြောပါသည်။ ငါ့အဖ၏အမှုကို ငါမပြုပါက ငါ့ကိုမယုံကြည်ပါနှင့်။ ခမည်းတော်က ပရောဖက်များကိုစကားပြောပါသည်။ သူတို့၏လက္ခဏာ ဖြစ်ပါသည်။ အမှတ်အသား ပြုခြင်းဖြစ်သည်။ ယေရှုနှင့်လည်းထိုသို့ပင်ဖြစ်ပါသည်။ ယုံကြည်သောသူကို ဂတိပေးထားပါသည်။ ငါ၏ လက္ခဏာ အားဖြင့်ငါ၌ ပြုသကဲ့သို့သူ၌လည်းပြုပါမည်။ ငါ့အဖ၏အမှုများကို ငါမပြုပါကငါ့ကို မယုံကြည်ပါနှင့်။ သို့သော် ငါအမှုများပြုပါကသင်ငါ့ကို ယုံကြည်နိုင်မည် မဟုတ်ပါ။ အမှုများကို ယုံကြည်ပါ။ နှုတ်မြွတ်စကား ဖြစ်သောကြောင့်ဖြစ်ကို ဖြစ်ရပါမည်။

သူကပြောပါသည်။ ကျမ်းစာကိုလေ့လာပါ။ သူတို့ထဲမှာ သင်ထာဝရအသက် ရမည်ဟုသင်ထင်ပါသည်။ ငါမည်သူ ဖြစ်သည်ကို သူတို့ကသင့်အားပြောကြားပါသည်။ ယေရှုဖြစ်သည်။ ဘုရားသခင်က ဖော်ပြပါသည်။ မိမိကိုယ်ကို ဖော်ပြပါ သည်။ငါမည်သူဖြစ်သည်ကို သူတို့သက်သေခံ ကြပါသည်။ (ဟေဗြဲ၁း၁) ဖြစ်သည်။ ဘုရားသခင်က အချိန်တန်သောအခါပရောဖက်များ အားဖြင့်စကားပြောပါသည်။ ရှင်းလင်းစွာဖြင့် လက္ခဏာများကို အမှတ်အသားပြုပြီးသူ၏ ရှင်ပြန်ထ မြောက်တော်မူသောသားကို အမှတ်အသား ပြုပါသည်။ ဘုရားသခင်က ပရောဖက်များအားဖြင့်ပြောပါသည်။ ယခုအခါမှာ သားတော်အားဖြင့် ပြောပါသည်။ ပြောင်းလဲခြင်းမရှိသော ဘုရားဖြစ်သည်။လက္ခဏာမှာ မပြောင်းလဲပါ။ ငါပြုသောအမှုတို့ကို ပြုကြလိမ့်မည်။ ဘုရားသခင်ကို သူ၏အမှတ်အသားအားဖြင့်သိရပါမည်။ သင်သိရမည့် နည်းပင်ဖြစ်သည်။

သင်ကပြောပါမည်။ သင့်ကိုငါပြောမည်။ငါတို့ဒါကို ဆိုကြသည်။ ငါတို့ဒါကို လုပ်ကြသည်။ ငါတို့လုပ်...ငါပြော နေသည်မှာ ဤအကြောင်းမဟုတ်ပါ။

ငါပြောနေသည့် အကြောင်းမှာနှုတ်ကပတ်တော်ကို ဖော်ပြခြင်းနှင့် အမှတ်အသားပြုခြင်း အကြောင်းပင် ဖြစ်ပါသည်။ အသက်တာကိုဖော်ပြ၍ဂတိတော်နှင့် ယှဉ်သောနှုတ်ကပတ်တော်၏ လက္ခဏာများကို ဤခေတ်ကာလအတွက် ဖော်ပြခြင်းဖြစ်သည်။

ဖါရိရှဲတို့က ထိုသမ္မာကျမ်းစာကိုဘယ်သူထက်မကဆို ကောင်းကောင်းသိပါသည်။ ယနေ့အမှုတော်များ သိသည် ထက် ပိုသိပါသည်။

သူတို့ထိုအရာများအားဖြင့်သိရပါသည်။ သူတို့ဘိုးဘေးများမှာ ယဇ်ပရောဟိတ် များဖြစ်ကြသည်။ နေ့ရောညပါသူတို့ လေ့လာကြပြီးထိုအမှတ်အသား ပြုသောနှုတ်ကပတ်တော်ကို သိစေရန် ပျက်ကွက်ခဲ့ကြသည်။

23 ၂၃။ ယနေ့လူသာကပြောပါသည်။ သင်ယုံကြည်ပါက သင်ရပါမည်။ မက်ဒသစ်ကလည်း ပြောသည်။ သင်ဟစ်အော်ပါက သင်ရရှိပါသည်။ ပင်တေကုတ္တေက ပြောပါသည်။ အခြားသော ဘာသာစကား ပြောပါကသင် ရရှိပါသည်။ အားလုံးကမှား ကြောင်းသိရပါသည်။ အချို့ကပြောကြပါသည်။ ဝိညာဉ်အသီးများ ကရကြပါသည်။ မှားပါသည်။ တခုတည်းသော အထောက်အထားမှာ ဖော်ပြခြင်းခံရသော အရာကဘုရားကိုယ်တိုင် မိမိကိုယ်ကို အမှတ်အသားပြု၍ ဂတိတော်မှာရှိသောအချိန် နာရီပင် ဖြစ်ပါသည်။

ဝိညာဉ်အသီးများ ဘယ်သူမှာပို၍ရှိပါသနည်း။ ယဇ်ပရောဟိတ် အိုများက ကလေးငယ်များကို အရေဖျားလှီး ပေးကြ သည်။ ကောင်းချီးပေးသည်။ယေရှုရောက်လာသောအခါ သူတို့၏ ယဇ်ပူဇော်ခြင်းများကို ပယ်ဖျက်၍ ဒေါသနှင့်သူတို့ကို ကြည့်သည်။ရိုက်နှက်၍ တောင်းထုတ်သည်။ ဘာမှမဟုတ်သော အမှတ်အသားပြုခြင်း ပင်ဖြစ်ပါသည်။ မိသဟာယကဒ်ပြားသူမှာမရှိပါ။ ဘယ်အဖွဲ့မှာမှ မပါပါ။ သို့သော် ဘုရားသခင်က သူ့ကိုစကားပြောပါသည်။ သူ၏အမှတ်အသားပြုခြင်းပင်ဖြစ်ပါ သည်။

24 ၂၄။ ဤနေ့ရက်များမှာကျန်နောက်ဆုံသော ကာလမှာ (ဟေဗြဲ၁း၁) မှာ ဆိုထားပါသည်။ ဘုရားသခင်က နောက်ဆုံး သောကာလမှာကွဲပြားသော အမူအကျင့်များဖြင့် ပရောဖက်များအားဖြင့် ဘိုးဘေးတို့ကို စကားပြောပါသည်။ဤနောက်ဆုံး အချိန်မှာ သူကကျွန်ုပ်တို့အား သူ၏သားတော် ယေရှုခရစ်တော်အားဖြင့် စကားပြောပါသည်။ဘုရားသခင်ကိုယ်တိုင် ထိုအ ကျင့်အတိုင်း မိမိကိုယ်ကို ဖော်ပြ၍ရှေးကာလကကဲ့သို့ သူ၏စရိုက်လက္ခဏာများကို အသုံးပြုခဲ့ပါသည်။ အာမင်။ (ဟေဗြဲ၁၃း၈) ကို ကြည့်ပါ။ ကိုယ်တော်သည် မနေ့ယနေ့နှင့် ထာဝရကာလ ပြောင်းလဲခြင်း မရှိပါ။ သူ၏အမူအကျင့် သူ၏ နည်းလမ်းမှာ တူညီသည်။ သူ၏လက္ခဏာအားလုံးတူညီပါသည်။ တပါးတည်း မပြောင်းလဲသော ဘုရားပင်ဖြစ်ပါသည်။ ပြောင်းလဲခြင်းမရှိသော ဘုရားကထိုစရိုက်လက္ခဏာမှ မပြောင်းလဲသွားနိုင်ပါ။ သူ၏ပညတ်တော်မှလည်း မဝေးကွာသွားနိုင် ပါ။သူဖြစ်ပါသည်။ သူသည်အချိန်နာရီ၏ နှုတ်ကပတ်တော်ဖြစ်သည်။ ကမ္ဘာကြီးကို ဖန်ဆင်းစဉ်က နှုတ်ကပတ်တော်ဖြစ်သည်။ သူကလူကို ဖန်ဆင်းသည်။ နှုတ်ကပတ်တော် ဖြစ်သည်။ သူ၏သွင်ပြင် လက္ခဏာမှာ ထိုသို့ပင်ဖြစ်သည်။ခရစ် တော်ကို ဖန်ဆင်းစဉ်က သူသည်ဘုရားဖြစ်သည်။ ဧမာနွေလ ဘုရားဖြစ်သည်။ ကိုယ်တော်ကို ကယ်တင်ရှင်အဖြစ်ထား၍ သူ၏ လက္ခဏာပင် ဖြစ်ပါသည်။ သူကိုအနာ ရောဂါငြိမ်းစေသော အရှင်ဖြစ်စေပါက သူ၏သွင်ပြင်ပင်ဖြစ်ပါသည်။ နှုတ်က ပတ်တော် အမြဲမှတ်သားခြင်း ခံရပါသည်။ ဘုရား၏သွင်ပြင်ဖြင့် နှုတ်ကပတ်တော်ကိုခွဲခန့်မှတ်သားပါသည်။ အကျင့်စရိုက်ကို သတိပြုပါ။ သူအမြဲတမ်း ဘယ်တော့မှ မပြောင်းလဲပါ။

25 ၂၅။ အာဗြဟံထံလာသောလူ၃ဦးကိုကြည့်ပါ။ ထိုနေ့ကသူတဲ တံခါးဝမှာ သူထိုင်နေပါသည်။

မိနစ်အနည်းငယ်ကြာ သူ့ကိုကျွန်တော်တို့ ကြည့်နေကြပါမည်။သူလာခဲ့ပါသည်။ ခါလဒဲပြည်ထဲမှ သူ့ကိုခေါ်ထုတ် ခြင်း ခံရပါသည်။ ဥရမြို့ထဲမှ ဖြစ်သည်။သူ့မြို့ထဲမှသူက ထွက်ရခြင်းပင် ဖြစ်ပါသည်။ ဘုရားသခင်၏ ပညတ်တော်အားဖြင့် ဖြစ်ပါသည်။မယုံကြည်ခြင်းများမှ သူ့ကိုယ်သူသီးခြား ခွဲခြားထားခြင်း ပင်ဖြစ်သည်။ ထိုအရာမှာ ဘုရားသခင်၏ပထမဆုံး လက္ခဏာပင် ဖြစ်ပါသည်။ မယုံကြည်ခြင်းမှ မိမိကိုယ်ကို သီးခြားခွဲခြား ထားပါ။ကိုယ်တော်ကလူအား ခေါ်သည့်အခါမှာ ဖြစ်ပါသည်။

ကိုယ်တော်ကသူ့ကို တစုံတရာလုံး၀ မဖြစ်နိုင်သည့်အရာကိုဇာတိ သဘောရှိသူအား ယုံကြည်ရန် ပေးအပ်ပါသည်။ သူကအာဗြဟံ သင်၏ ....သူကအသက်၇၅နှစ် အရွယ်ရှိ၍ စာရာမှာ၆၅နှစ် ရှိပါပြီ။ သူ၏ဖအေတူ မအေကွဲညီမဖြစ်ပါသည်။ ကလေးမရှိတဲ့ သူတို့ကအတူတကွ ကျန်နှစ်ပေါင်းများစွာ အတွင်းနေထိုင် လာခဲ့ပါသည်။သူက စာရာအားဖြင့် သင့်အားသား ယောက်ျားကို ပေးမည်။ သူက...သူ့အားဖြင့် နိုင်ငံများစွာ၏ဖခင်ဖြစ်စေမည် ဟုဆိုပါသည်။ ယခုသူ ယုံကြည်ပါပြီ။

26 ၂၆။ အချိန်ကုန်သွားပါပြီ။စာရာမှာပြောင်းလဲမှု မရှိပါ။ အသက်ကြီးသွားပါပြီ။ သွေးဆုံးသွားပါပြီ။ ၆၅နှစ်ရှိပါပြီ။သူမအရွယ် လွန်သွားပါပြီ။ အာဗြဟံအသက် ၇၅နှစ်ရှိပါပြီ။ သူ၏ကိုယ်ခန္ဓာမှာ သေမလောက် ကောင်းပါသည်။သူမသားအိမ်မှာလည်း ကောင်းသလောက် ကောင်းပါသည်။ သို့သော်အာဗြဟံက ဘုရားဂတိတော်ကို မပြစ်ပယ်ပါ။မယုံကြည်ခြင်းပဲ ဖြစ်ပါသည်။ သူဆက်လက်၍ ယုံကြည်နေဆဲ ဖြစ်ပါသည်။ ဘုရားသခင် ပြောသောကြောင့်ဖြစ်ပါသည်။ တိုက်တွန်းပါသည်။ ဘုရားကပြော ပါက သူ၏စရိုက် လက္ခဏာက သူပြောသည့်အကြောင်းကိုဖော်ထုတ်ပါမည်။ ယခုကျွန်တော်တို့မှာ အာဗြဟံ၏ သားသမီးများ ဖြစ်ရန် အာဗြဟံ၏မျိုးစေ့ဖြစ်ရန်ဖြစ်ပေါ်လာပါသည်။ ၂၅နှစ်ခန့် ကွာနေပါသည်။ စာရာမှာဘာပြောင်းလဲမှုမှ မရှိပါ။ သူမအသက်ကြီးလာတာပဲ ရှိပါသည်။ ခါးကုန်းလာသည်။ သူတို့၂ဦးစလုံး ဖြစ်ပါသည်။ သို့သော်အာဗြဟံကယုံကြည်နေဆဲ ဖြစ်ပါသည်။

27 ၂၇။ တနေ့သောအခါမှာဘုရားသခင်က သူ၏အစေခံကျွန်များ ယနေ့လူသားများ အတွက်ပုံသက်သေ ဖြစ်ရန်စိတ်အား ထက်သန်ပါသည်။ သူ့အားဖြင့်သူက နိုင်ငံများကို ကောင်းချီးပေးပါမည်။ မနက်ပူပြင်းသော ၁၁နာရီအချိန်မှာလူ၃ဦးသူ့ထံ ရောက်လာပါသည်။ သူတို့သူနှင့်စကား ပြောပါသည်။ သူကသူတို့ကို အထဲဝင်ထိုင်ရန်ဖိတ်ခေါ်ပါသည်။ သူတို့အတွက် တစုံတရာရှိပြီး လူများနှင့်ကွာခြားမှု ရှိပါသည်။ သူကသူတို့ကိုအထဲဝင်ထိုင်ပါရန် ဖိတ်ခေါ်ပါသည်။ သူတို့နှင့်ပတ်သတ်၍ တစုံတရာရှိပြီး လူများနှင့်ကွာခြားပုံပေါ်ပါသည်။ ဝိညာဉ်အရာများကို ဝိညာဉ်အရာများကသာ နားလည်ပါသည်။ သူတို့တက်လာပြီး ထိုင်ကြသည်။အာဗြဟံက သူတို့ကိုကြည့်ပြီး ပြောသည်။ အကျွန်ုပ်၏သခင် သူဘာလုပ်ရမှာလဲ?။

သူတို့၂ဦးဆင်းသွားပြီးသောဒုံမြို့တွင် တရားဟောပါသည်။ ယနေ့ခေတ်မှီ သက်သေခံချက်ပင် ဖြစ်ပါသည်။ လူတန်း စား၃မျိုး၃စား ဖြစ်ပါသည်။ သောဒုံ-သောဒုံမြို့တွင် ရှိသောအသင်းတော်ဖြစ်သည်။ ရွေးချယ်ခြင်း ခံရသောအာဗြဟံမှာ သောဒုံမြို့တွင်မရှိပါ။ သတင်းပို့ဆောင်သူ ၂ဦးမှာခေတ်ပေါ် ဘီလီဂရေဟမ်နှင့်...အသင်းတော်အတွက် သတင်းစကားပို့ဆောင်သူအားလုံးမှာ သူ၏အမည်ကို h-a-mဖြင့် အဆုံးသတ်ရပါမည်။Finney,Sankey. Knox. Calvinစသည်တို့ဖြစ် သည်။ ဘီလီဆန်းဒေးနှင့် ဘာပဲဖြစ်ဖြစ်ပါသည်။ သို့သော် ဘယ်တော့မှ Graham မဟုတ်ပါ။ hamမှာ နိုင်ငံများ၏ဖခင်ဖြစ်ပါသည်။ သူအောက်ဆင်းသွားပြီး တရားဟောပါသည်။ အချိန်နာရီကို ကြည့်ပါ။ ယုံကြည်သူလုပ်သူများမယုံကြည်သူများ နှင့် ယုံကြည်သူများ ဖြစ်ပါသည်။ ဤလူ၃ဦး ရောက်လာပါသည်။ ၂ဦးမှာမြို့ထဲဆင်းသွားပါသည်။ ခေတ်ပေါ်ဘီလီ ဂရေဟမ်နှင့် OralRoberts တို့၂ဦးလူကြားထဲ မှာရှိနေပါသည်။ တရားဟောနေပါသည်။ ယေရှုကထိုအရာကို ရည်ညွှန်းပါသည်။

28 ၂၈။ ရွေးချယ်ခြင်းခံရသူများပြင်ပမှာ ထိုင်နေပါသည်။ အာဗြဟံနှင့်သူ၏ အဖွဲ့ပင်ဖြစ်ပါသည်။ အာဗြဟံနှင့် အတူရှိသောသူမှာ

သူ့ကိုကြည့်ပါ။ ဘုရား၏လက္ခဏာကို ဖေါ်ပြနေပါသည်။ သူကပြောပါသည်။ စာရာဘယ်မှာလဲ? ထိုစဉ်ကသူမ၏ အမည်မှာစာရဲ ဖြစ်သည်။ ယခုစာရာSarah ဖြစ်ပါသည်။ အာဗြံမဟုတ်ပါ။အာဗြဟံဖြစ်ပါသည်။ အာဗြဟံသင်၏ ဇနီးစာရာ ဘယ်မှာလဲ?။

သူမ ကိုယ်တော် နောက်ကတဲထဲမှာပါ။

သင့်ထံသို့ကျွန်တော်အလည်အပတ်လာမည်။ အာဗြဟံက ထိုစကားကို နားထောင်ပါသည်။ ငါသင့်ကို အသက်တာ ၏ အချိန်အတိုင်းလာရောက်လည်ပတ်မည်။

စာရာက မိမိဘာသာ တယောက်တည်းရယ်နေပါသည်။ ငါလည်းအသက်ကြီးပြီ။ ငါ့သခင်လည်း အသက်ကြီးပြီ ငါတို့လူငယ်လူရွယ် တွေကိုဘယ်လိုလုပ်ကလေးထပ်ရဦးမှာလဲ?။ သူ့အားဆက်ဆံရေးအရနှစ်များစွာကျော် သွားပါပြီ။ သူမရယ်ပါသည်။

ထိုသူကအာဗြဟံကို ကြည့်ပြီး-စာရာမှာသူ့နောက်တဲထဲမှာ ရှိပါသည်။ ပြောသည်။ စာရာဘာကြောင့် ရယ်သလဲ? ဒါတွေမဖြစ်နိုင်ဟု ပြောပြီးရယ်နေသည် မဟုတ်လား? သူကသူ့ကိုယ်သူ အမှတ်အသား ပြုပါသည်။

အာဗြဟံက သူ့ကိုအီလိုဟင် ဟုခေါ်ပါသည်။ ကျမ်းစာဖတ်သူမည်သူမဆို အီလိုဟင်ကို သိပါသည်။ အရာရာပြည့်စုံ သော ဘုရားဖြစ်သည်။ လူသားခန္ဓာကိုယ်နှင့်မိမိကိုယ်ကို အမှတ်အသားပြုပြီး အမဲသားစားသည်။ နွားနို့သောက်သည်။ မုန့်နှင့်ထောပတ်ကိုစားသည်။ အီလိုဟင်က ဘုရားသခင်၏ လက္ခဏာများကို ဖေါ်ပြပါသည်။ အာဗြဟံကသူ့ကို ဘုရားဟုခေါ်သည်။ ဘာလဲ? သူ့ကိုအီလိုဟင်းဟုအမှတ်အသား ပြုပါသည်။

29 ၂၉။ ယေရှုကရှင်လုကာ အခန်းကြီး၁၇တွင် နောက်ဆုံးသောနေ့ရက် များမှာ(ဘုရားသခင်သည် နောက်ဆုံးသော အချိန်ကာလမှာပရောဖက်များအားဖြင့် ပြောဆိုသည်မှာ သူ၏သားအားဖြင့်) လူသားကို ဖွင့်ပြသောအချိန်မှာ နောက်ဆုံးနေ့ရက်များမှာ လူသားကိုဖွင့်ပြသော အချိန်မှာ သတိပြု၍ကြည့်ပါ။ ဖွင့်ပြသည့်အချိန် ဆိုသည်မှာနောက်ဆုံးနေ့ရက်များမှာ လူသားကိုဖွင့်ပြသော အချိန်မှာသောဒုံမြို့၏ ပုံစံမျိုးမှာ တဖန်ပြန်လည်၍ပေါ်ထွက်လာပါမည်။ သောဒုံမြို့၏ နေ့ရက်များတွင် ကဲ့သို့ လူသားကြွလာမည့် အချိန်မှာသူ့အားဖေါ်ပြခြင်းခံရပါမည်။ အသင်းတော်က သိရပါမည်။ ရွေးချယ်ခြင်းခံရ သူများအ တွက် (သောဒုံမြို့(သို့)သောဒုံမြို့သားများ (သို့) သောဒုံမြို့ထဲမှာ ရှိသူများ) ရွေးချယ်ခြင်း ခံရသူများအတွက်ဖြစ်ပါသည်။ အာဗြဟံသည် ရွေးချယ်ခြင်း ခံရသူဖြစ်ပါသည်။ ယုံကြည်သူများသည် အာဗြဟံ၏ တော်ဝင်မျိုးစေ့များဖြစ်သည်။ ယေရှုခရစ် တော်တည်းဟူသော နှုတ်ကပတ်တော်အားဖြင့် ဖြစ်သည်။ ရွေးချယ်ခြင်း ခံရသူများဖြစ်ပါသည်။ လူသားကို ဖေါ်ပြသောအခါ တင်ဆက်ခြင်း ထပ်မံပေါ်ထွက် လာပါဦးမည်။

30 ၃၀။ ယနေ့ကမ္ဘာလောကကြီးကို ကြည့်ပါ။ သာမန်သောဒုံမြို့နှင့် ဂမောရမြို့ မဟုတ်ပါကကျွန်တော်တခုကို တခါမှမတွေ့ ဘူးပါ။ သောဒုံနှင့် ဂမောရာ အသင်းတော်ကို ကြည့်ပါ။ လောတကဲ့သို့ထိုနေရာမှာ ထိုင်နေပါသည်။ လောတသူ၏ ဖြောင့် မတ်ခြင်းအတွက် ဝမ်းနည်းပူဆွေး၍ သောဒုံမြို့၏အပြစ်များကို မြင်နေပါသည်။ အမှုတော်ဆောင်များစွာတို့က ထိုင်နေပါ သည်။ ....လူကြီးတဦးက သူ၏စာကြည့် ခန်းထဲမှာထိုင်နေပါသည်။ သူ၏စာအုပ်နှင့်စသည်တို့ကို ယူပြီးလမ်းထဲကို ထွက် မြှောက်နေပါသည်။ မိန်းမများ တိုန့်နံ့ဝတ်သည်ကိုမြင်၍မတရားသော မေထုန်မှီဝဲခြင်းကြောင့် သူကထိုအကြောင်းကို ဘာမှမပြောနိုင်ပါ။ သူ့ကိုအပြင်သို့ထုတ်ထားပါသည်။ လောကမှာထိုသို့ ရပ်တည်ရန်အတွက် မရပ်တည်နိုင်ပါ။ ယနေ့ခေတ် ပေါ် သောဒုံမြို့နှင့်ဂမောရာမြို့လည်း ထိုသို့ပင်ဖြစ်ပါသည်။

သောဒုံမြို့ပြင်မှာ နေသောသူများပြင်ပမှာမွေးဖွားသူများ လူ၏အလိုမဟုတ်ပဲ ဘုရားအလိုတော်အတိုင်းနှင့် ဘုရား မျိုးစေ့ အားဖြင့်ဖြစ်ပါသည်။အမှတ်အသားကို ကြည့်ပါ။ တရားဟောခြင်း သက်သက်သာမဟုတ်ပဲ ဘုရားနှုတ်ကပတ်တော် က အမှတ်အသားပြု၍လူသားအထဲမှာ လူ့ဇာတိခံယူပါသည်။ တင်ဆက်မှုမှာ ထိုသို့ပင် ပြန်လာပါသည်။ ထိုနေ့အတိုင်းပင်ဖြစ်သည်။ အရာရာမှာ အပြစ်မဲ့ပါသည်။ အရာခပ်သိမ်းမှာ အတိအကျပင် ဖြစ်နေပါသည်။ အချိန်အနည်းငယ်အတွင်းဆက်၍ သွားရပါမည်။ သို့သော်အချိန်မရပါ။ မြန်မြန်လုပ်ရပါမည်။ နောက်ဆုံးသောနေ့ရက် များမှာပြန်လည်အစားထိုးရပါမည်။

31 ၃၁။ ဟေဗြဲ၁း၁ဘုရားသခင်သည် နောက်ဆုံးသော နေ့ရက်များမှာ ပရောဖက်များအားဖြင့် မိမိကိုယ်ကို အမှတ်အသားပြု၍ သားတော်အားဖြင့် ပေါ်ထွန်းစေပါသည်။ ဟေဗြဲ၃း၈တွင် ယေရှုခရစ်သည် မနေ့၊ ယနေ့ နောင်ကာလအစဉ်အမြဲ မပြောင်းမလဲ နေတော်မူ၏။

ဘုရားသခင်က ရှေးကာလတွင် မောရှေကိုစကား ပြောပါသည်။သူ့ကိုယ်သူအလင်း အားဖြင့်အမှတ်အသား ပြုပါ သည်။ တောက်ပနေသော ခြုံမှာမီးတိုင်အားဖြင့်ပေါ်ထွန်းပါသည်။ သူရှေးကာလက ပြသည့်အတိုင်း ဖြစ်ပါသည်။ မောရှေကို စကား ပြောပါသည်။ ထိုအလင်းကဘာလုပ်ပါသလဲ?။ ဘုရားသခင်၏လက္ခဏာကို ဖေါ်ထုတ်ပါသည်။ အီဂျစ်မှာငါ၏ လူတို့ငြီးတွားသံကို ငါကြားရပြီ။ ငါ့ဂတိကိုငါပြန်သတိရသည်။ ငါဆင်းလာမည်။ မီးတိုင်အလင်း-အားဖြင့် သွား၍လူများကို ကယ်တင်မည်။ မောရှေသင့်ကိုငါစေလွှတ်မည်။

32 ၃၂။ ဘုရားသခင်၏လက္ခဏာကိုကြည့်ပါ။ မြေမှုန့်လက်တဆုပ်စာကို ယူ၍လေထဲသို့ ပစ်လိုက်ပါ။ လေးများအဖြစ် ပြောင်းလဲသွားပါ။ ဖန်ဆင်းရှင်၏ ဘုရားလက္ခဏာမှာ မောရှေတွင် တွေ့ရပါမည်။ တရားဟော၁၈း၁၅တွင် မောရှေဆိုသောစကားမှာသင့်၏ ဘုရားသခင်က ငါကဲ့သို့သော ပရောဖက်ကို ပေါ်ထွန်းစေမည် ဟုဆိုပါသည်။ ထိုစကားပင်ဖြစ်ပါသည်။ လက္ခဏာအကျင့် ဖြစ်သည်။ ဘုရားသခင်က မောရှေအားဖြင့် စကားပြောပါသည်။ ကိုယ်တော်ရှင်ကသူကဲ့သို့ ပရောဖက်ကို ပေါ်ထွန်းစေမည်ဟု ဆိုပါမည်။ ယေရှု၏ လက္ခဏာများက သူ၏ဂတိတော်ကိုအမှတ်အသားပြုပါမည်။ မောရှေကဖြစ်မည်ဟု ဆိုသောအခါ ယေရှု၏လက္ခဏာက အမှတ်အသား ပြုပါသည်။ သင်၏ဘုရားသခင် ဖြစ်သည်။ ဘုရားသခင် ပင်ဖြစ်သည်။ နှုတ်ကပတ်တော် ဖြစ်ပါသည်။ ငါကဲ့သို့ပရောဖက်ကို ပေါ်ထွန်းစေမည် ဟုဆိုပါသည်။ ထိုပရောဖက်ကို မယုံကြည်ပါက လူများကြားမှ ဖြတ်တောက်ခြင်းခံရပါမည်။ ယေရှုကြွလာတော် မူသောအခါ မည်သို့သော လက္ခဏာမျိုးသူ့မှာ ရှိရပါမည် နည်း? ဂတိထားတော်မူသော နှုတ်ကပတ်တော် ဖြစ်ပါသည်။မောရှေကဲ့သို့ ပရောဖက်ဖြစ်မည်ဟု သူ့အားဂတိပေး ထားပါ သည်။

33 ၃၃။ ယခုသူတို့မှာဆရာမျိုးစုံရှိပါသည်။ ရဗ္ဗိမျိုးစုံရှိသည်။ နှစ်ပေါင်း၄၀၀ခန့် သူတို့မှာပရောဖက် တပါးမျှပင်မရှိပါ။ မာလခိလက်ထက် ကတည်းကဖြစ်ပါသည်။ ယခုချက်ချင်းပင် မြင်ကွင်းထဲသို့ လူတဦးရောက်လာပါသည်။

တံငါသည်တဦး နှစ်ဦးဖြစ်ပါသည်။လူတဦး၏သားများ ဖြစ်ပါသည်။ သူ့နာမည်မှာ အန္ဒြေဖြစ်သည်။ နောက်တဦး၏ အမည်မှာရှိမုန် ဖြစ်သည်။သူတို့ဖခင်က သူတို့ကိုထိုနေ့ရက်များက မည်သို့ ကြည့်ရှု၍ မှားယွင်းသော အရာများစွာ ပေါ်ထွက်လာရမည်ဟု ဆိုပါသည်။ လူအိုကြီးတဦး ...တချိန်ကကျွန်တော်စာအုပ်ကလေးတအုပ် ဖတ်ပါသည်။ ဘယ်နေရာမှာလဲ။ စွန့်စားခန်း ဖြစ်ကောင်းဖြစ်ပါမည်။ ကျွန်တော်မသိပါ။သူကပြောပါသည်။ သားများမရှိယ ကြွလာတော်မမူမီ ကျွန်တော်တို့ မျှော်နေသည့် အတိုင်းအဖြစ်အပျက်မျိုးစုံဖြစ်ပျက် နေသောအချိန် ရောက်လာပါပြီ။ ဤမေရှိယကို သင်သိရမည့် နည်းလမ်း ရှိပါသည်။သူကကျမ်းစာအတိုင်း ဖြစ်ပါမည်။ သူကပရောဖက် ဖြစ်ရပါမည်။ အကြောင်းမှာ ဘုရားနှုတ်ကပတ်တော်ကသူ့အားပရောဖက် ဖြစ်မည်ဟုဆိုသော ကြောင့်ဖြစ်သည်။

34 ၃၄။ အိန္ဒြေကယောဟန်ပြောသည်ကိုကြားပါသည်။ ယောဟန်လုပ်သော တခုတည်းသော အရာမှာ ပရောဖက်ပြုခြင်း သက်သက်သာ ဖြစ်ပါသည်။ယေရှုမိန့်တော်မူသည်။ သင်ကယောဟန်၏ အလင်းထဲမှာ လျှောက်လှမ်းသည်။ သို့သော် ကျွန်တော်ကယောဟန်ထက်အလင်း ပိုရပါသည်။ ယောဟန်ထက် ကျွန်တော်က ပိုမိုကြီးမားသော အမှတ်အသား ပြုခြင်းရှိပါသည်။ ခမည်းတော်ကငါ့အား ပေးသောအလုပ်များကို ငါလုပ်ရပါသည်။ သူတို့ကငါ့အကြောင်း သက်သေခံကြပါသည်။ယောဟန်က တရားသာ ဟောပါသည်။ သူကရှေ့ပြေးဖြစ်သည်။ ဂတိတော်အတွက် သူကဘာနိမိတ် လက္ခဏာမှ(သို့) ဘုရားသခင်အတွက် ဘယ်အကျင့်လက္ခဏာကိုမှ မပြုလုပ်ပါ။ သို့သော်ယခု ထိုလက္ခဏာအားဖြင့်ယေရှုကရောက်လာ ပါသည်။

ရှိမုန်က တနေ့သောအခါမှာကိုယ်တော်ရှင် ဟောပြောသည်ကို ကြားနာရန်သွားပါသည်....ရှိမုန်ကအန္ဒြေနှင့်ထွက်သွားကောင်း ထွက်သွားပါမည်။ အန္ဒြေကတောက်လျှောက် တတ်လာပါသည်။ သို့သော်ရှိမုန်က ရှေ့တော်သို့ ရောက်သောအခါ ယခုနားထောင်ပါ။ နိဂုံးချုပ်အနေနှင့်-ယေရှုရှေ့တော်မှောက်သို့ သူရောက်လာသောအခါ ယေရှုကသူ့ကို ကြည့်ပါသည်။ သူကပြောသည်။ သင့်နာမည်ကရှိမုန်ဖြစ်သည်။ သင်သည်ယောန၏ သားဖြစ်သည်။ ဂတိ်တော်နှင့်ယှဉ်သော အမှတ်အသား ပြုခြင်းမှာကိုယ်တော်ရှင်၏လက္ခဏာတော်ပင် ဖြစ်ပါသည်။ ထိုသူကသူ၏ အမည်ကိုလက်မှတ် မထိုးနိုင်ပါ။ သမ္မာကျမ်းစာက သူတို့၂ဦးစလုံးအပြစ်မရှိပါ။ ဘာမှမသိ။ ဘာမှမတတ်ဟု ဆိုပါသည်။ သို့သော်သူ၏ မယုံကြည်ခြင်းများ အားလုံးကိုလျှင်မြန်စွာပယ်ဖျက်ရန် အမှတ်အသားပြုလုပ် ရခြင်းဖြစ်ပါသည်။ သူကပြောပါသည်။ မေရှိယကိုကျွန်တော်စောင့်မျှော်နေကြပါသည်။ ကောင်းပါပြီ။ သူကယုံကြည်ပါသည်။

